

# ANDROID TABLET နဲ့ ပတ်သက်လို့ ...

## Battery ချွေတာနိုင်ဖို့

တစ်ခါတလေ tablet ရဲ့ battery သက်တမ်းကို ပိုပြီးကြာကြာခံစေချင်တယ်။ ကိုယ်ကလည်း Wi-Fi အသုံးမပြုနေဘူးဆိုရင် tablet ရော Wi-Fi ကိုပါ တစ်ခါတည်းပိတ်ထားလိုက်ပါ။ Android tablet တွေမှာ Wi-Fi အသုံးပြုတဲ့အခါ battery အစားသက်သာအောင် ပြုလုပ်နိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ်။

Wi-Fi ကို ပိတ်လိုက်တာမဟုတ်ဘဲနဲ့ Wi-Fi sleep policy ( Settings > Wireless and Networks > Wi-Fi Settings > Wi-Fi sleep policy ) လုပ်ထားလိုက်တာ ဖြစ်ပါတယ်။ ဒီ option ကို နှိပ်လိုက်မယ်ဆိုရင် နောက်ထပ် option သုံးခုကို ထပ်တွေ့ရမှာ ဖြစ်ပါတယ်။ Default status ကတော့ 'Never' ဖြစ်ပါတယ်။ ဒီ option မှာ ထားမယ်ဆိုရင် tablet ဖွင့်ထားတဲ့ အချိန်တိုင်း Wi-Fi ပွင့်နေမှာ ဖြစ်တဲ့အတွက် battery ကုန်စေပါတယ်။ 'Never' ရဲ့ အထက်မှာရှိတဲ့ ကျန်တဲ့ option နှစ်ခုကတော့ tablet ရဲ့ battery သက်တမ်းကို ပိုပြီးကြာကြာခံစေမှာပါ။ 'Never when plugged in' ကတော့ အားသွင်းတဲ့အချိန်ကလွဲလို့ ကျန်တဲ့အချိန်တွေမှာ ဖွင့်ထားပေးမှာ ဖြစ်ပါတယ်။ 'When screen is turned off' ဆိုရင်တော့ ကိုယ်က Standby button ကို နှိပ်လိုက်ရင်ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့ tablet က အလိုအလျောက် Standby mode ဖြစ်သွားရင်ပဲဖြစ်ဖြစ် Wi-Fi ပိတ်သွားမှာ ဖြစ်ပါတယ်။

သတိပြုရမှာကတော့ 2.3 (Gingerbread) လိုမျိုး Android 3.0 (Honeycomb) ရဲ့ အစောပိုင်း OS အသုံးပြုထားတဲ့ tablet တွေမှာတော့ တူညီတဲ့ Wi-Fi sleep policy တွေ မပါဝင်ပါဘူး။ အဲ့ဒီ tablet တွေမှာ 'When screen is turned off' policy မပါဝင်ဘဲ သူ့အစား 'After 15 mins' ဆိုတဲ့ policy ထည့်သွင်းပေးထားပါတယ်။

## Desktop ပုံစံပြောင်းခြင်း

ကိုယ့်ရဲ့ tablet က Android 3.0 နဲ့ အထက် run ထားတယ်ဆိုရင်တော့ desktop ကို ပြီးပြည့်စုံတဲ့ ပြောင်းလဲမှုတွေ ပြုလုပ်ဖို့ ထူးခြားတဲ့ feature လေးတွေကို သိထားသင့်ပါတယ်။ Live wallpaper

တွေဟာ သက်ဝင်လှုပ်ရှားတဲ့ background တွေဖြစ်ပြီး ကိုယ့်ရဲ့ Android screen ကို အသက်ဝင်စေပါတယ်။ ဒါပေမဲ့ battery တော့ နည်းနည်းကုန်စေပါတယ်။ Live wallpaper တွေကို ' Settings > Screen > Screen Display > Home screen wallpaper > Live Wallpaper ' မှာ ရှာကြည့်နိုင်ပါတယ်။ List ထဲက တစ်ခုခုကို select လုပ်ပြီး ' Set Wallpaper ' လုပ်လိုက်ပါ။ တကယ်လို့ ပိုပြီးလှပတဲ့ wallpaper တွေကို လိုချင်တယ်ဆိုရင် Google Play ကနေ အခမဲ့ download လုပ်နိုင်ပါတယ်။

## Screen ရဲ့ speed မြင့်တက်စေဖို့

အခုမှ စအသုံးပြုတဲ့သူတွေဆိုရင် အထက်မှာ ဖော်ပြခဲ့တဲ့ Live Wallpaper တွေကို အသုံးမပြုပါနဲ့ဦး။ ရွေ့လျားနေတဲ့ background တွေကို အသုံးပြုမယ့်အစား လှပတဲ့ wallpaper တွေနဲ့ photo gallery ထဲက ဓာတ်ပုံတွေကို အသုံးပြုသင့်ပါတယ်။ Default animation တွေကို မသုံးထားဘူးဆိုရင် windows တွေ၊ ဒါမှမဟုတ် menu တွေကို ဖွင့်တာ၊ ပိတ်တာတွေ လုပ်တဲ့အခါ tablet ရဲ့ စွမ်းဆောင်ရည်တွေ မြင့်တက်လာတာကို တွေ့ရပါလိမ့်မယ်။ Default animation ကို ဖျက်ချင်တယ်ဆိုရင် Settings > Animation > No Animations ကို ရွေးထားလိုက်ပါ။

## Voice control အသုံးပြုခြင်း

လုပ်ဆောင်ချက်တစ်ခုကို ပြုလုပ်ချင်တဲ့အခါ Google Voice ကို အသုံးပြုကာ Android ကို ကိုယ့်ရဲ့ အသံနဲ့ အမိန့်ပေးပြီး လုပ်ဆောင်ခိုင်းနိုင်ပါတယ်။ သိသာထင်ရှားတဲ့ အကျိုးကျေးဇူးကတော့ နေ့စဉ် ပုံမှန်လုပ်ဆောင်နေတဲ့ ကိုယ့်ရဲ့အလုပ်အများစုကို ပိုပြီးမြန်ဆန်စေနိုင်ပါတယ်။ Phone version ဆိုရင် ပိုပြီးအကျိုးရှိစေနိုင်ပေမယ့် tablet မှာလည်း ကောင်းကောင်း အလုပ်လုပ်နိုင်ပါတယ်။ ဥပမာ app ရဲ့ နာမည်ကို ပြောလိုက်ရုံနဲ့ ဖွင့်နိုင်တာ၊ email ပို့တာ စတာတွေ ပြုလုပ်နိုင်ပါတယ်။ Screen ရဲ့ အပေါ်ပိုင်းမှာ Google icon ရဲ့ဘေးက microphone icon ကို တစ်ချက်နှိပ်လိုက်ရင် Google Voice prompt ပေါ်လာပါလိမ့်မယ်။ အသုံးများတဲ့ command တွေကို လိုချင်တယ်ဆိုရင် www.google.com/mobile/voice-actions မှာ ရှာဖွေနိုင်ပါတယ်။

## အလိုအလျောက် backup လုပ်ခြင်း

Apple ရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ iOS version က Wi-Fi ပေါ်မှာ iPad ကို အလိုအလျောက် backup လုပ်ခွင့်ပေးထားပါတယ်။ Android မှာလည်း ဒီလို ဆင်တူတဲ့ backup နည်းပညာ ပါဝင်ပါတယ်။ ဒါပေမဲ့ သူက iTunes မှာ backup လုပ်မယ့်အစား Google ရဲ့ cloud backup facility ကိုအသုံးပြုထားပါတယ်။ Default အားဖြင့်တော့ ကိုယ့်ရဲ့ tablet က ကိုယ်အသုံး ပြုတဲ့အချိန်တိုင်း tablet ရဲ့ setting တွေ အားလုံးကို backup လုပ်ပေးပါလိမ့်မယ်။ ဒါပေမဲ့ ကိုယ်က Settings > Privacy ကို ထဲက backup my data ကို အမှန်ခြစ်လုပ်ထားဖို့တော့ လိုအပ်ပါတယ်။ နောက်ထပ် နည်းလမ်းကောင်းတစ်ခုကတော့ MyBackup Pro app ကို အသုံးပြုတာပဲ ဖြစ်ပါတယ်။ ဒီ app က အလိုအလျောက် online backup တွေ ပြုလုပ်နိုင်တဲ့အတွက် ဓာတ်ပုံ ၊ app၊ ဆက်သွယ်ရမယ့် လိပ်စာ၊ email တွေနဲ့ တခြားအရာတွေကို ကိုယ့်ရဲ့ tablet က cloud မှာ အလိုအလျောက် သိမ်းဆည်းပေးပါလိမ့်မယ်။




## Video chat

Tablet က phone မဟုတ်လို့ ကိုယ့်ရဲ့ မိသားစု ၊ သူငယ်ချင်းတွေနဲ့ အချင်းချင်း ဆက်သွယ်စကားပြောဆိုလို့ မရဘူးလို့ မဆိုလိုပါဘူး။ Tablet မှာ front-facing camera တပ်ဆင်ပေးထားတဲ့အတွက် Fring လိုမျိုး အခမဲ့ video-chat app ကို အသုံးပြုပြီး ဆက်သွယ်နိုင်ပါတယ်။ ဒီ app က လူ ၃ ယောက် အထိ တစ်ပြိုင်နက်တည်း ဆက်သွယ်နိုင်တဲ့အတွက် meeting တွေ ပြုလုပ်တဲ့အခါမှာလည်း အဆင်ပြေစေပါတယ်။

## Tablet ကို root လုပ်ရင်

ကိုယ့်ရဲ့ Android tablet ကို root လုပ်ဖို့ နည်းလမ်းတွေကို များစွာသော website တွေမှာ ရှာဖွေကြည့်နိုင်ပါတယ်။ ဒါပေမဲ့ လမ်းညွှန်မှုတွေကို ပြသပေးနိုင်တဲ့ အကောင်းဆုံးတွေထဲက တစ်ခုကတော့ XDA Developers forum ပဲဖြစ်ပါတယ်။ ကိုယ့်ရဲ့ tablet ကို ထောက်ပံ့ပေးနိုင်တဲ့ လမ်းညွှန်မှုတွေကို ရှာတွေ့ဖို့လိုအပ်ပါလိမ့်မယ်။ တွေ့ပြီဆိုရင်တော့ root လုပ်တယ်ဆိုတာ အရမ်းကိုလွယ်ကူတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်လာနိုင်ပါတယ်။ Root လုပ်လိုက်တယ်ဆိုရင် လုပ်ဆောင်ချက်တိုင်းဟာ ပိုပြီးကောင်းမွန်လာတဲ့အတွက် tablet ကို ပြောင်းလဲမှုတွေလုပ်တော့မယ်ဆိုရင် root လုပ်ဖို့ စဉ်းစားသင့်ပါတယ်။ ဒါပေမဲ့ သိထားသင့်တဲ့အချက်တစ်ချက်ကတော့ OS ကို root လုပ်တာဟာ tablet ရဲ့ warranty ကို ပျက်ပြယ်စေပါတယ်။ ■